# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၄)၊ အမှတ်(၃)၊ ၂၀၂၅ ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)

## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကျင်းပ

**တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများ စနစ်တကျဆက်လက်ဆောင်ရွက်**

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ဇူလိုင်လ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။





**ကြည့်ရှုအားပေး**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ပသို့တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၂ သို့-

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ တရုတ်-အာဆီယံ စက်မှုကဏ္ဍဖလှယ်ရေးနှင့်မြှင့်တင်ရေးအခမ်းအနား တက်ရောက်**




ကျောဖုံးသို့-

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ တက်ရောက်**

စာမျက်နှာ ၅ သို့-

**အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) လေသန့်စင်အလုပ်ရုံရှိ Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ ၇ သို့-

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)
ဇေယျဌာနီလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

***မျက်နှာဖုံးမှ -***

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းကော်မတီအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ငါးကြိမ်ရှိခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အရေးပါသည့်ဆုံးဖြတ်ချက်များချမှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်ပါ MSME လုပ်ငန်းများ ပိုမိုစနစ်ကျပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့်နို့ထွက်ပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန် လိုကြောင်း၊



***အကျိုးဆောင်ရွက်ချက် ပူးပေါင်းပါဝင်***

ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်ကပံ့ပိုးပေးရမည့်အပိုင်းတွင် နိုင်ငံတော်ကိုယ်စား မိမိတို့လုပ်ငန်းကော်မတီအပါအဝင် သက်ဆိုင်ရာ MSME လုပ်ငန်းအဖွဲ့ဝင်များက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနေကြသည့် MSME လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ပံ့ပိုးကူညီပေးပြီး ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များလိုအပ်သည့် နည်းပညာ၊ လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် နည်းပညာများအသိပညာပေးရေးနှင့်ပြန့်ပွားရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင်ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့်အခြားလိုအပ်ချက်ဖြစ်သည့် ပြည်ပဈေးကွက်ကိုချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေးဆောင်ရွက်ပေးရမည့်တာဝန်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်နည်းပညာနှင့် လူသားအရင်းအမြစ်များကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးသည့် နည်းပညာဆိုင်ရာသင်တန်းများနှင့်ဆွေးနွေးပွဲများမှ ရယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်သားများကို ကျွမ်းကျင်လုပ်သားများနှင့် နည်းပညာရလုပ်သားများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ်တွင်လုပ်ငန်းများနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိပြီး မိမိကိုယ်ကို ရေရှည်ရပ်တည်နိုင်ရန်အတွက် KG+9 အောင်မြင်ပြီးသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထက်တန်းကျောင်းများဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းအပိုင်းကို အစိုးရပိုင်းနှင့်လုပ်ငန်းရှင်များက နှစ်ဦးနှစ်ဖက်ဟန်ချက်ညီညီဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကိစ္စနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိလုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများ ရယူရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးအရင်းအနှီးလိုအပ်ကြောင်း၊ ချေးငွေများထုတ်ချေးရန်အတွက် ချေးငွေစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအရ ကန့်သတ်ချက်များရှိကြောင်း၊ အဆိုပါကန့်သတ်ချက်များ အနက်မှ ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး

***စာမျက်နှာ ၃ သို့-***

စာမျက်နှာ ၂ မှ-

ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့်လုပ်ငန်းရှင်များအား ထုတ်ချေးပေးရန် လမ်းညွှန်ထားကြောင်း၊ ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြားလိုကြောင်း၊ အာမခံလုပ်ငန်းတွင် မူလသတ်မှတ်ချက်အဖြစ် မြန်မာငွေကျပ်သန်း ၂၀ ခွင့်ပြုထားရာမှ ယခုအခါညှိနှိုင်းဆွေးနွေးမှုများအရ သန်း ၅၀ ချေးနိုင်ရန်အတွက် SOP ရေးဆွဲလျက်ရှိပြီး အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်စိတ်တစ်ပိုင်းမှပါဝင်ပြီး လုပ်ငန်းရှင်များ၏လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက နိုင်ငံ့အကျိုးရှေးရှုလျက် ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း၊

## တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်

လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့်ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို အသိပညာပေး၍ တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့်အရောင်းအဝယ်များပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့်အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး မိမိတို့လုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့်ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များကို မိမိတို့၏ စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာ ကုမ္ပဏီများနှင့်လုပ်ငန်းကိစ္စ ဘဏ်များနှင့်ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ Interact ဝန်ဆောင်မှုနှင့်ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာ အသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုတတ်ရန် လိုအပ်ပါကြောင်း၊

## လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်လုပ်သားများ မွေးထုတ်

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် စံချိန်စံညွှန်းမီထုတ်ကုန်များထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကို သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ နည်းပညာများကိုအသိပညာပေးသင်ကြားသူများအနေဖြင့်လည်း အလွယ်တကူသိလွယ်၊ တတ်လွယ်သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေးမှုအပိုင်းများဖြင့် သင်ကြားဆွေးနွေးပေးရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်အချက်မှာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း သင်တန်းများဖွင့်လှစ်၍ လုပ်ငန်းရှင်များနှင့်လုပ်သားများအား နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာစွမ်းရည်များတိုးတက်လာစေရန် သင်တန်းအမျိုးအစား ၄၄၁ မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန Website များတွင် ဝင်ရောက်လေ့လာနိုင်ကြောင်း၊ သင်တန်းအကြိမ်အရေအတွက် စုစုပေါင်း ၇,၂၇၃ ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၅၀,၈၁၉ ဦးတက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းများအပြင် MSME ကဏ္ဍ၌ လိုအပ်သည့်စွမ်းရည်များ တိုးတက်လာစေရန် ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံအတွင်းရှိသည့် MSME လုပ်ငန်းများနှင့်မှတ်ပုံတင်လုပ်ငန်းများ အရေအတွက်ကို ကြည့်မည်ဆိုပါက လျော့နည်းနေသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတို့မှ MSME လုပ်ငန်းများ၊ MSME နှင့်ဆက်စပ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ သီးခြားပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပျက်စီးမှုအမျိုးအစားတစ်ခုချင်းအလိုက် အသေးစိတ်စာရင်းပြုစု၍ နိုင်ငံတော်အကြီးအကဲထံတင်ပြရာ ချက်ချင်းချေးငွေထုတ်ပေးရန် သဘောတူခဲ့ကြောင်း၊ ထိုသို့ချေးငွေထုတ်ပေးရာတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမပိုင်းအနေဖြင့် MSME ချေးငွေအဖြစ်ငွေကျပ်ဘီလီယံ ၁၅၀ ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့မှ ငွေကျပ် ဘီလီယံ ၅၀၀ အပါအဝင် ဗဟိုဘဏ်မှ ဘီလီယံ ၂၀၀ တို့ပါဝင်သည့် မြေငလျင်ပြန်လည်ထူထောင်ရေး ရန်ပုံငွေတို့ဖြစ်ပြီး SOP ရေးဆွဲလျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ပျက်စီးသွားခဲ့သည့် MSME လုပ်ငန်းများ၏စိန်ခေါ်မှုမှာ ချေးငွေနှင့်ပတ်သက်၍ မူလချေးငွေများကို အချို့က အချိုးကျပြန်ဆပ်သည်များရှိပြီး အချို့က ပြန်မဆပ်နိုင်သည်များရှိသည့်အပြင် အချို့လုပ်ငန်းရှင်များက နေရာစုံမှငွေကြေးချေးငှားမှုများ ရှိနေမှုအပေါ် စိစစ်ရသည်များလည်းရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီးပြန်လည်ထူထောင်ရေးကိစ္စတွင် အခက်အခဲများရှိပါက အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းကော်မတီသို့ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်လမ်းညွှန်ထားသည့်

စာမျက်နှာ ၄ သို့-

**စာမျက်နှာ ၃ မှ-**

မိမိလုပ်ငန်းနှင့် ဒေသမှထွက်သည့်ကုန်ကြမ်းကိုအခြေခံပြီး တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းသုံးစွဲမှုမှတစ်ဆင့် ပြည်ပသို့အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သည်အထိရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် 'တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး' တို့ကို စီးပွားရေးဦးတည်ချက်များနှင့်ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့်ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက် တူညီသည့်အမျိုးအစား၊ ထုတ်ကုန်များကိုစုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့် ပမာဏ ကိန်းဂဏန်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအချက်များအပေါ် မူတည်၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စီမံရာတွင် သက်ဆိုင်ရာပို့ကုန်အမယ်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့်ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်တွင် ယုံကြည်မှုရှိသည့်ဈေးကွက်နှင့် ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အာမခံချက်ဖြင့် ဈေးကွက်ရှာဖွေသည့်အဆင့်သို့ရောက်ရှိအောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အေဂျင်စီများက MSME လုပ်ငန်းရှင်များကို ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း။ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး MSME လုပ်ငန်းဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကပံ့ပိုးပေးရမည့်အပိုင်းနှင့် လုပ်ငန်းရှင်များက ပြန်ပြီးတုံ့ပြန်ပေးရမည့်အပိုင်းများကို ကြန့်ကြာမှုမရှိဘဲ မူဘောင်အတွင်းမှ အဆင့်ဆင့်ချိတ်ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့်လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးမင်းထွဋ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဒေါက်တာချာလီသန်းတို့ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ MSME ချေးငွေဆိုင်ရာကိစ္စရပ်များ၊ MSME လုပ်ငန်းတာဝန် ၁၄ ရပ်နှင့် စပ်လျဉ်းသည့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ MSME လုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့်ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSME လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မူဘောင်များနှင့်စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

### တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေး

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ

**စာမျက်နှာ ၆ သို့-**

မျက်နှာဖုံးမှ -

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပသည့် (၁၅) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့တက်ရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ဇူလိုင်လ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပသည့် (၁၅) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်) သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ယယ်လ်ဆင်ပြခန်းအား လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ဆဗဲ့လော့ဖ်ပြည်နယ်အစိုးရ အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး အန်သွန်အလီဟာနော့ဗ်နှင့်နိုင်ငံပေါင်း ၂၀ ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

***စက်မှုကုန်စည်ပြပွဲတက်ရောက်***

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး စက်မှုကုန်စည်ပြပွဲ (အေနိုပရွန်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်းတွင် (၁၅) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၏ စက်မှုဆိုင်ရာနည်းပညာပြခန်းများအား လှည့်လည်ကြည့်ရှုပြီး ဆဗဲ့လော့ဗ်ဒေသ၊ ပိုလက်ဗ်စကွဲယ်မြို့ရှိ ဆဲဗဲ့စကီးသံမဏိပိုက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ စက်ရုံပြတိုက်နှင့်စက်ရုံအတွင်း သံမဏိပိုက်များထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ရာ စက်ရုံမှူး၊ ပိုလက်ဗ်စကွဲယ်မြို့ အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် စက်ရုံအင်ဂျင်နီယာချုပ်ဦးဆောင်သည့် စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။




ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၅) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲကျင်းပသည့် ယီကာကျီရင်ဘတ်မြို့မှပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မော်စကိုမြို့သို့ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ Tyazhpromexport (TPE) ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ MISIS မှ နည်းပညာဆိုင်ရာထောက်ပံ့ပေးနိုင်ရေးအတွက် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပြီး အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ရှိ လေသန့်စင်အလုပ်ရုံ၌ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ သံရည်ကျိုအလုပ်ရုံ (Melt Shop) လည်ပတ်နိုင်ရေးအတွက် အပြီးသတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ ဇူလိုင်လ ၁၁ ရက်နေ့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၄ မှ-*

ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေမှထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

ငါးသယံဇာတပေါများစေရေးအတွက် စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။



အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက လျှိုပိတ်ဆည်အတွင်းသို့ (၂) လက်မ အရွယ် ငါးမျိုးစိတ်များကို ဦးဆောင်စိုက်ထည့်သည်။ ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိတ်များကို ဆက်လက်စိုက်ထည့်နေမှုအခြေအနေတို့ကို ပြည်ထောင်စုဝန်ကြီးက လှည့်လည်အားပေးကြည့်ရှုသည်။ ယနေ့ စက်မှုဝန်ကြီးဌာနမှ လျှိုပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမ စသည့် ငါးသားပေါက်ကောင်ရေ ၁၅,၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။

■

## ငလျင်ကြောင့်ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ငလျင်ကြောင့်ပျက်စီးခဲ့သည့် နေအိမ်များထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များကို ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ J Wood၊ အမိုးသွပ် (၃၀ ဂိတ်)၊ သစ်မာနှင့် Rebar တို့ကို အိမ်အမျိုးအစားများအလိုက် ထောက်ပံ့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ပမာဏအတိုင်း ဒေသအလိုက် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများသို့ ထောက်ပံ့ပေးရန်အတွက် အမိုးပြားအချပ်ရေ ၁ ဒသမ ၈၃ သန်းခန့် လိုအပ်မည်ဖြစ်သည့်အတွက် ၎င်းပမာဏရှိအောင် ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိကုန်ချောလက်ကျန်များအခြေအနေ၊ ထပ်မံထုတ်လုပ်မည့်အစီအမံ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်ပြည်သူများ ထောက်ပံ့ကူညီနိုင်ရေးအတွက် ယခုအစည်းအဝေးမှ ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အများပြည်သူများလိုအပ်သော အမိုးသွပ်ပြားများ၊ အချိန်မီရရှိရေးအတွက် အစွမ်းကုန်ဖြည့်

*စာမျက်နှာ ၈ သို့-*

မျက်နှာဖုံးမှ -

## အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) လေသန့်စင်အလုပ်ရုံရှိ Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကျင်းပ

### တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀,၀၀၀ မှ ၄၀,၀၀၀ $Nm^3$ (Normal Cupid Meter) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁,၂၀၀ $Nm^3$ ထုတ်လုပ်နိုင်မည်

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ရှိ လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရုရှားနိုင်ငံ TPE Co.,Ltd. မှ အင်ဂျင်နီယာချုပ်၊ AGS Co.,Ltd. မှ ညွှန်ကြားရေးမှူးချုပ်၊ Rostec မှကိုယ်စားလှယ်နှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor အမှတ်(၁)အား ထိန်းချုပ်ခန်းမှခလုတ်နှိပ်၍ စမ်းသပ်လည်ပတ်မောင်းနှင်ပြီး Air Compressor လည်ပတ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ Air Compressor အမှတ်(၂)အား စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ *(ပုံ)*

အစီအစဉ်ဒုတိယပိုင်းကို စက်ရုံစုပေါင်းစားရိပ်သာ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် TPE မှအဆိုပြုသော သတ်မှတ်ချက်(၃)ခုဖြင့်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ သတ်မှတ်ချက်(၁)ဖြစ်သည့် လေသန့်စင်အလုပ်ရုံ လည်ပတ်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လေသန့်စင်အလုပ်ရုံအနေဖြင့် တပ်ဆင်စက်စွမ်းအားအရ တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀,၀၀၀ မှ ၄၀,၀၀၀ $Nm^3$ (Normal Cubic Meter) နှင့်နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁,၂၀၀ $Nm^3$ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရိုမက်သံရည်ကျိုအလုပ်ရုံလည်ပတ်ရန်အတွက် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၃,၀၀၀ $Nm^3$ နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၂၁၈ $Nm^3$သာ လိုအပ်မည်ဖြစ်သောကြောင့် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည်ကို တွေ့ရှိရကြောင်း၊

လေသန့်စင်အလုပ်ရုံ ပြန်လည်လည်ပတ်နိုင်ရန်အတွက် TPE Co.,Ltd. မှပညာရှင်တစ်ဦးနှင့် AGS Co.,Ltd. မှပညာရှင်ကိုးဦးတို့ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်မှစ၍ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများကိုစစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများကို စက်ရုံရှိကျွမ်းကျင်အင်ဂျင်နီယာများနှင့်ပူးပေါင်းကြိုးပမ်း အားထုတ်မှုကြောင့် ယခုအခါ လေသန့်စင်အလုပ်ရုံ၏ အဓိကအစိတ်အပိုင်းဖြစ်သည့် Air Compressor များကို အောင်မြင်အောင် စမ်းသပ်လည်ပတ်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ TPE Co.,Ltd. မှအင်ဂျင်နီယာချုပ် Mr. SENIN၊ AGS Co.,Ltd. မှညွှန်ကြားရေးမှူးချုပ် Mr. KONEV နှင့် Rostecမှကိုယ်စားလှယ် Mr. VLADISLAV တို့က လေသန့်စင်အလုပ်ရုံ အောင်မြင်စွာလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်နိုင်မှု အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ရှိ ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူပြီး နိဂုံး

*စာမျက်နှာ ၈ သို့-*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက္ကသိုလ်ဝင်တန်းစာမေးပွဲထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဩဂုတ်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆု ချီးမြှင့်သည့် အခမ်းအနားတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထူးချွန်မောင်မယ်များအနေဖြင့် လက်ဝယ် ရရှိပိုင်ဆိုင်ပြီးဖြစ်သော ထူးချွန်တံဆိပ်၊ ဂုဏ်ဒြပ်များနှင့်သာ ကျေနပ်ရောင့်ရဲမနေကြဘဲ အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ကြားရာတွင် ထူးချွန်ထက်မြက်သူများဖြစ်အောင် အရှိန်အဟုန်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြပြီး အနာဂတ်တွင် တိုင်းပြည် အကျိုးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ရည်မှန်းချက်ထား ကြိုး စားအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် တတ်




မြောက်ထားသည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအ တွက် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး များဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်း သား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများချီး မြှင့်ရာ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူ များကိုယ်စား (၅) ဘာသာ ဂုဏ်ထူးရှင်မဇင် ဇင်ဆန်းထွဋ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စက်မှု ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သား၊ သမီး ၃၂၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၇၇ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်ချက် ရာခိုင်နှုန်း ၅၄ ဒသမ ၁၃ ရာခိုင်နှုန်းရှိကာ (၅) ဘာသာဂုဏ်ထူးရှင်လေးဦး၊ (၄) ဘာသာ ဂုဏ်ထူးရှင်လေးဦး၊ (၃) ဘာသာဂုဏ်ထူး ရှင် ၁၃ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၂၀ ဦး ရှိကြောင်း သိရသည်။ **သတင်းစဉ်**

***စာမျက်နှာ ၇ မှ-***

ချုပ်အမှာစကားပြောကြားသည်။

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံ ကိန်းရှိ စီမံကိန်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် ပြန် လည်စတင်ခဲ့ပြီး စက်ရုံရှိ အလုပ်ရုံ (၁၉) ရုံအား စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်း များကို ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ် ဆောင်ရွက်ကာ စက်ရုံစတင်လည်ပတ်ထုတ် လုပ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

***စာမျက်နှာ ၆ မှ-***

ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိုး သွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက အမိုးသွပ်ပြားများ လက်ရှိထုတ်လုပ်နေမှု အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အမိုးသွပ် ပြားများ ထုတ်လုပ်သည့်လုပ်ငန်းရှင်များက စက်ရုံအလိုက် ထုတ်လုပ်ပေးနိုင်မှု၊ လိုအပ်ချက်များ၊ အမိုးသွပ်ပြားများအား ငလျင်ကြောင့်နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်မည်ဖြစ်၍ လိုအပ်သောကုန်ကြမ်းများပေးအပ်ပါက လုံလောက်အောင် ထုတ်လုပ်ပေးမည့်အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာ စကားပြော ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ဆွဲကောက်စိုက်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာများအား အရည်အသွေးမီထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး ဆွေးနွေးပွဲကျင်းပ





လက်ဆွဲကောက်စိုက်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာများအား အရည်အသွေးမီထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးဆွေးနွေးပွဲကို ဩဂုတ်လ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဆက်စပ်ဝန်ကြီးဌာနများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားရေးတွင် စိုက်ပျိုးရေးသည် အခြေခံမောင်းနှင်အားဖြစ်သည့်အတွက် စက်မှုလယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေးသည် နိုင်ငံအတွက်မရှိမဖြစ်အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကိုကူးပြောင်းရာတွင် အဆင့်ဆင့်သောလုပ်ငန်းစဉ်များရှိသည့်အနက် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လုပ်သားလိုအပ်မှုအနည်းဆုံးဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်မည့်နည်းလမ်းကို အထူးအလေးထားပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လက်ဆွဲကောက်စိုက်စက်များ၊ အစေ့ချစက်များနှင့်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်းဖြင့် လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်သော နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သီးနှံထုတ်ကုန်များထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိလယ်ယာသုံးစက်ကိရိယာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများကိုဖိတ်ခေါ်ပြီး ယင်းကုမ္ပဏီများမှရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများ၏စွမ်းရည်ကို လက်တွေ့မောင်းနှင်ထွန်ယက်သရုပ်ပြရှင်းလင်းမှုများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စက်မှုလုပ်ငန်းများမှကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို သတ်မှတ်၍ စနစ်ကျစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များစွာပါဝင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစားစက်မှုလုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် MSME လုပ်ငန်းရှင်များအချင်းချင်း လိုအပ်ချက်များအပြန်အလှန် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများက စက်မှုလယ်ယာအပြည့်အဝလွှမ်းခြုံနိုင်ရန် စက်ပစ္စည်းကိရိယာလိုအပ်ချက်စာရင်းနှင့် ထုတ်လုပ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးမီထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ နည်းပညာပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အရည်အသွေးကောင်းမွန်ပြီး ပေါ့ပါးခိုင်ခံ့သည့်လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်ရောင်း) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) သို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနရှိ အဆောက်အဦနှင့်စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သွေးကြောသွင်းဆေးရည်များ ပြန်လည်ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။*(ပုံ)*



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့်ဌာနတာဝန်ခံများအား တွေ့ဆုံ၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနရှိ အဆောက်အဦနှင့်စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့ရသည့်အခြေခံအကြောင်းအရင်းများကို လေ့လာသုံးသပ်၍ နောင်တွင် ငလျင်ဇုန်များ၌ စက်ရုံများဆောက်လုပ်လျှင် ယခုကဲ့သို့မဖြစ်စေရေး သင်ခန်းစာရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၂၅ နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆေးဝါးထုတ်လုပ်သည့်အဆောက်အဦဖြစ်သည့်အတွက် ကောင်းမွန်သည့်ထုတ်လုပ်မှုကျင့်စဉ်များနှင့်ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ဇုန်အတွင်းရှိ စက်ရုံများ၌ စက်ပစ္စည်းကိရိယာများ တပ်ဆင်မည်ဆိုပါက FAMA Guideline နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ဆေးဝါးစက်ရုံများအသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျှင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို သတ်မှတ်ရေးဆွဲထားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ ဆေးဝါးစက်ရုံများသည် ပြည်သူများလိုအပ်သည့်အခြေခံဆေးဝါးများကို ထုတ်လုပ်ပေးနေသည့်အတွက် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကာလများအတွက်ပါ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှပြည်သူများအတွက် လိုအပ်သောဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟုလမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ဆေးဝါးအမယ်သစ်များ၊ အခြေခံဆေးဝါးများ၊ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့်အပြင် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းစသည့်နည်းလမ်းများဖြင့်ပါဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများ သက်တမ်းပြည့်နှင့်စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းသည် ကျွမ်းကျင်မှုမတူညီသည့် ပညာရပ်များဖြင့် စုပေါင်းဆောင်ရွက်ရ၍ ကျွမ်းကျင်ပိုင်နိုင်စွာစီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမြဲမပြတ်ပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို လျော့နည်းအောင်ပြုပြင်ဆောင်ရွက်ရန်နှင့်အားသာချက်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်ရမည့်လျာထားချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်း

## မြန်မာ့လယ်ယာသုံးပစ္စည်းကိရိယာစက်ရုံ (အင်းကုန်း) သို့ ကြည့်ရှုစစ်ဆေး



စွမ်းအင်ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလွင်နှင့်ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်စက်ရုံမှူးတို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးနိုင်မှု၊ သုတေသနလုပ်ငန်းဆောင်ရွက်၍ လယ်ယာသုံးပစ္စည်းများ စမ်းသပ်ထုတ်လုပ်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းပေးနိုင်

တင်ပြမှုအပေါ် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၏ အခန်းကဏ္ဍသည်အရေးကြီးပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်လျက်ရှိသည့် စက်ကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စနစ်တကျထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ MSME လုပ်ငန်းတွင်ပါဝင်သော စက်မှုကုန်ထုတ်လုပ်ငန်းများ ချိတ်ဆက်ပါဝင်လာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့် စံပြုစက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစက်မှုလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ထိုးဖောက်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်တွန်းအားပေးဆောင်ရွက်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးလိုအပ်သောနည်းပညာများ ရရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။



### ဆွေးနွေးပြောကြား

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာသုံးစက်ပစ္စည်းများအား အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လက်တွေ့အခြေအနေနှင့်ကိုက်ညီမည့် လက်စွဲကောက်စိုက်စက်နှစ်မျိုး စတင်ထုတ်လုပ်နိုင်ရေးထုတ်လုပ်သည့် ကောက်စိုက်စက်များနှင့်ပျိုးဗန်းများကိုက်ညီမှုရှိစေရန် စံပြုပျိုးဗန်းများအသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ပူးပေါင်းဆောင်ရွက်

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) စက်ရုံရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့်ဝန်ထမ်းများအား တွေ့ဆုံ၍ စက်ရုံ

စာမျက်နှာ ၁၂ သို့-

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုသင်တန်းကျောင်းနှင့်စက်ရုံများ ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဩဂုတ်လ ၁၈ ရက်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၌ သင်တန်းသားများအား စာတွေ့၊ လက်တွေ့



လေ့ကျင့်သင်ကြားပေးနေမှုနှင့် မကွေးအချိုရည်နှင့်ရေခဲစက်ရုံ၊ ဆပ်ပြာစက်ရုံ (မကွေး) တို့၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ သက်တမ်းပြည့်အသုံးပြုနိုင်ရေး ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်၊ ကုန်ထုတ်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်စွာအရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ကုန်ကြမ်းနှင့်စက်အရန်ပစ္စည်းများ



ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ စနစ်တကျရှိစေရေး ကြီးကြပ်စစ်ဆေးခြင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝန်ဆောင်မှုပေးခြင်းစသည့် လုပ်ငန်းများနှင့်သက်ဆိုင်သည့် ကျွမ်းကျင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် မိမိဌာနတွင်မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှထုတ်လုပ်သောထုတ်ကုန်များသည် အရည်အသွေးပြည့်မီရန် စိစစ်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နေအိမ်များတွင် အသုံးပြုလျက်ရှိသော Solar Panel နှင့်ဆက်စပ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်စစ်ဆေးရေးဌာနမှ အထူးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ထမ်းများမှ ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ-*

ပိုင်ပိုင်သေပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေးနှင့် စက်ရုံသန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့ရှိ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း) သို့ ရောက်ရှိပြီး စွပ်ကျယ်များချုပ်လုပ်နေမှု၊ စောင်များ၊ လုံချည်များရက်လုပ်နေမှု၊ ခြင်ထောင်များချုပ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ချုပ်ထည်များအား ချုပ်ရိုးချုပ်သားသေသပ်ကောင်းမွန်ခိုင်ခံ့အောင် ချုပ်လုပ်ရန်၊ အထည်များချုပ်လုပ်လျက်ရှိသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ရန်၊ လျာထားချက်ပြည့်မီစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ ကျွမ်းကျင်မှ စက်ရုံလုပ်ငန်းများ ဖြောင့်ဖြောင့်ဖြူးဖြူး လည်ပတ်နိုင်မည်ဖြစ်ကာ ကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်



ဘွိုင်လာကျွမ်းကျင်သူများ တိုးပွားလာသည်နှင့်အမျှ ဘွိုင်လာသုံးစက်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဘွိုင်လာများကို စွမ်းရည်ပြည့်သုံးစွဲနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဘွိုင်လာသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဖွဲ့ဝင်၊ ဘွိုင်လာနှင့်သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ ဘွိုင်လာစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား)များနှင့်စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထိထိရောက်ရောက်အသုံးချ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင်သို့ အသီးသီးပြန်လည်ဝင်ရောက်သည့်အခါ မမေ့သောသတိ၊ မလျှော့သောဇွဲတို့ဖြင့် လက်တွေ့ကျကျအသုံးချကြရန်၊ ကြိုးစားအားထုတ်ကြရန် အထူးမှာကြားလိုကြောင်း၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ ကျွမ်းကျင်ပြီး သတိရှိရှိ ကြိုးစားလုပ်ဆောင်မှသာ ဘေးအန္တရာယ်ကင်းပြီး ဘွိုင်လာကောင်းမည်။ ဘွိုင်လာကောင်းမှ စက်ရုံလုပ်ငန်းများဖြောင့်ဖြောင့်ဖြူးဖြူး လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်စက်မှုကဏ္ဍ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေသည့် ယခုဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ သင်တန်းသားများသည် ပညာရပ်များကို ထိထိရောက်ရောက်အသုံးချပြီး အလုပ်တာဝန်များကို ပိုမိုကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင်ထူးချွန်ဆုရရှိသူ သုံးဦးကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

### လေ့ကျင့်သင်ကြားပေးခဲ့

စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းကို ၁၉၇၇ ခုနှစ်မှစ၍ ယနေ့အထိ စုစုပေါင်း အကြိမ် ၇၀ ဖွင့်လှစ်၍ သင်တန်းသားစုစုပေါင်း ၄,၅၄၄ ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ၌ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့မည့်ဘိလပ်မြေအိတ် ၅ ဒသမ ၃၄ သန်းကို ဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့်ညှိနှိုင်းရရှိပြီးဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်စသည့်အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများလက်တွေ့လာရောက်ကွင်းဆင်းရာတွင် လက်ခံဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘိလပ်မြေအရည်အသွေးကို နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ထုတ်လုပ်မှုနည်းပညာအဆင့်ဆင့်အား လွှဲပြောင်းရရှိရေးဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ်တွေ့ကြုံရသည့်အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင်ပါဝင်သည့်ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများဖြန့်ဖြူးပေးနိုင်ရေးအခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများအရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်အခြေအနေ၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့်ကျောင်းများချိတ်ဆက်ဆောင်ရွက်သွားမည့်အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများကတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့် လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့်လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဌာနမှူးများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များက Virtual ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက*(ပုံ)*



အလုပ်ရုံဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သော ဈေးကွက်အခွင့်အလမ်းနှင့်စပ်လျဉ်း၍သိရှိပြီး ဈေးကွက်ထိုးဖောက်ရရှိနိုင်စေရန်အတွက် ဈေးကွက် အသိပညာပေးခြင်း၊ လိုအပ်သော သတင်းအချက်အလက်များ၊ အတွေ့အကြုံ ဗဟုသုတများကို ပံ့ပိုးပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကောင်းမွန်သည့်အတွေ့အကြုံကောင်းများကို အသိပညာပေးမျှဝေဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင် မြန်မာ့အပူပိုင်းဒေသမှ စိုက်ပျိုးရေးထုတ်ကုန်များအနက်မှ အလားအလာအရှိဆုံး ထုတ်ကုန်သုံးမျိုးမှ ငါးမျိုးကိုရွေးချယ်၍ ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်သည်အထိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကြိုးပမ်း၍ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လက်တွေ့ကျသောလမ်းပြမြေပုံကို တက်ရောက်လာသောဘာသာရပ်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များကို အုပ်စုလေးခုဖွဲ့၍ ဝိုင်းဝန်းဆွေးနွေးပြီး အုပ်စုအလိုက်ရရှိသည့်ရလဒ်များအပေါ် ထပ်မံသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လမ်းပြမြေပုံရေးဆွဲပြီးပါက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌသို့တင်ပြ၍ လမ်းပြမြေပုံနှင့်အညီ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်ဈေးကွက်သို့ အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ ပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့် လမ်းပြမြေပုံရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ အချက်အလက်များနှင့် အခွင့်အလမ်းများ၊ ဘယ်လာရုစ်နိုင်ငံသို့ မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့ရာတွင် လိုအပ်မည့်ကုန်သွယ်မှုဆိုင်ရာအချက်အလက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်မှုဆိုင်ရာလိုအပ်မည့် အချက်အလက်များနှင့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့တင်ပို့နိုင်ရေး လမ်းပြမြေပုံဖော်ထုတ်ရေးဆွဲနိုင်ရေး၊ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးတို့ကို အုပ်စုဖွဲ့ဆွေးနွေးကြပြီး ဆွေးနွေးမှုရလဒ်များအပေါ် သုံးသပ်တင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***ကျောဖုံးမှ -***

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သံ၊ သံမဏိ၊ ဆေးဝါး၊ အဝတ်အထည်၊ ဝါးတို့နှင့်စပ်လျဉ်းသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ စိုက်ပျိုးရေးအခြေပြု စက်မှုကဏ္ဍ၊ ဝါဂွမ်း၊ စားသုံးဆီ၊ ဆန်စက်ကဏ္ဍတွင် နည်းပညာမြင့်စက်ကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

မျက်နှာဖုံးမှ -

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**

# ၂၀၂၅ ခုနှစ် တရုတ်–အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ တရုတ်–အာဆီယံစက်မှုကဏ္ဍဖလှယ်ရေးနှင့် မြှင့်တင်ရေးအခမ်းအနားတက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နန်နင်းမြို့ Wanda Vista ဟိုတယ်၌ ပထမဆုံးအကြိမ်ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံစက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများနှင့်အတူ တက်ရောက်သည်။




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအကြား အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ရပ် ထူထောင်ခြင်းအားဖြင့် စက်မှုကဏ္ဍနယ်ပယ်အတွင်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သည့် ယှဉ်ပြိုင်နိုင်စွမ်းများရှိလာပြီး ရေရှည်တည်တံ့သည့်လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုမြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ပူးတွဲလေ့ကျင့်မှု၊ နည်းပညာသင်တန်းများနှင့်သက်မွေးပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့ခေတ်၏စက်မှုဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် လူငယ်များပါဝင်ရေးမြှင့်တင်ပြီး ချမှတ်ထားသောမူဝါဒများနှင့်လုပ်ငန်းစဉ်များဖြင့် ဂေဟစနစ်တည်ဆောက်သွားနိုင်ပါက တရုတ်-အာဆီယံဒေသအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် တရုတ်-အာဆီယံဒေသကို ပိုမိုအားကောင်းအောင်တည်ဆောက်ကြရန် တိုက်တွန်းပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက တရုတ်-အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နန်နင်း ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြစ်သည့် စက်မှုမူဝါဒညှိနှိုင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက်ညှိနှိုင်းမှု အားကောင်းစေရန်၊ ဒေသတွင်းဆန်းသစ်တီထွင်မှုဂေဟစနစ်ကို တည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်၊ အစိမ်းရောင်နှင့်ဉာဏ်ရည်တုနည်းပညာဖြင့် စက်မှုအသွင်ပြောင်းခြင်းနယ်ပယ်များတွင် စံချိန်စံနှုန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဂြိုလ်တုလမ်းကြောင်းပြခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးခြင်းအပါအဝင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် စွမ်းအင်သစ်ကဏ္ဍတို့ ပါဝင်သည့် ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကိုစူးစမ်းလေ့လာရန်၊ တရုတ်နိုင်ငံနှင့်အာဆီယံရှိ စွမ်းအင်သစ်ယာဉ်များတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကိုဖြေလျှော့ပေးရေးကို ဆက်လက်မြှင့်တင်ရန်နှင့် AI ဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် AI ဆိုင်ရာအသုံးပြုနိုင်သည့် အက်ပလီကေးရှင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုရှာဖွေရန်၊ လျှပ်စစ်စက်ဘီးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေရန်၊ အထည်အလိပ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ဆေးဝါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုအား ကောင်းစေရန်၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏ ပူးတွဲလေ့ကျင့်မှုကို အားကောင်းစေရန်၊ SMEs များကို စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်သို့ ပေါင်းစည်းရေးကို သင့်တင့်မျှတသောပုံစံဖြင့်မြှင့်တင်ရန် စသည့်အချက်များကို သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တရုတ်-အာဆီယံစက်မှုကဏ္ဍဖလှယ်ရေးနှင့်မြှင့်တင်ရေးအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကဏ္ဍနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊

*စာမျက်နှာ ၁၅ သို့-*